# ဖြစ်ရပ်လေ့လာမှု

# အမျိုးသမီးဆန္ဒပြသူ ဒေါ်တင်နွဲ့ရီသေဆုံးခြင်း

**Myanmar Witness မှ ၂၀၂၂ခုနှစ် မတ်လ ၂၃ရက်နေ့တွင်ထုတ်ဝေသည်။**

သတိပေးချက်။ ဤအစီခံစာတွင် graphic ပုံများပါဝင်ပါတယ်။

- **ဖြစ်ပွားရာနေရာ**
  ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံး (16.7999628, 96.1260861)
- **ဖြစ်ပွားခဲ့သည့်နေ့ရက်/အချိန်**
  ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်, ဒေသစံတော်ချိန် ၈နာရီ နှင့် ၁၂နာရီကြား
- **ထည့်သွင်းစဉ်းစားချက်**: မြန်မာလုံခြုံရေးတပ်ဖွဲ့များ
- **Myanmar Witness ၏ နိဂုန်းချုပ်:**
  - Myanmar Witness သည် ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးရေးနည်းပညာကို အသုံးပြု၍ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်ဆန္ဒပြမှုတွင် ဒေါ်တင်နွဲ့ရီ၏ ဘယ်ဘက်လက်မောင်းကို သေနတ်ထိမှန်ပြီးနောက် နှလုံးဖောက်သွားသည့်နေရာကို ဖော်ထုတ်ခဲ့သည်။ လူနာတင်ယာဥ်ဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်းသိရသည်။ အဆိုပါ ပစ်ခတ်မှုမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု ဆိုကြသည်။
  - ဂြိုလ်တုဓာတ်ပုံများ၊ သတင်းများ၊ ဆိုရှယ်မီဒီယာပုံရိပ်များနှင့် မျက်မြင်သက်သေများ၏ သက်သေထွက်ဆိုချက်တို့နှင့်အတူ ဤဩဒီနိတ်များကို အသုံးပြုသူထုတ်လုပ်သည့်အကြောင်းအရာ (UGC) ၏ နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာမှုမှတစ်ဆင့် ဖော်ထုတ်တွေ့ရှိခဲ့သည်။
  - ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရာတွင် ကိုယ်ဝန်ဆောင်ဆရာမဟု စွပ်စွဲသူထံမှ ပို့စ်များကို ၎င်း၏သမီးဖြစ်သူမှ ပြန်လည်ချေပထားသည့် အကြောင်းကိုလည်း Myanmar Witness မှ တွေ့ရှိခဲ့သည်။

- ဒေါ်တင်နွဲ့ရီသေဆုံးမှုသည် မြန်မာစစ်တပ်ကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများတွင် ဒဏ်ရာရသူများနှင့် သေဆုံးခြင်း နှစ်ခုစလုံးအတွက် စိုးရိမ်စရာအဖြစ် ဆက်ရှိနေပါသည်။


# နိဒါန်း

ဒေါ်တင်နွဲ့ရီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်တွင် ဆန္ဒထုတ်ဖော်စဉ် ဘယ်ဘက်လက်မောင်းတွင် သေနတ်ထိမှန်ပြီးနောက် မကြာမီ နှလုံးရောဂါဖြင့် သေဆုံးခဲ့သည်။ သူမသည် လှိုင်သာယာမြို့နယ် (အနောက်ပိုင်း) အမှတ် (၁၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမတစ်ဦးဖြစ်ပြီး အသက် ၅၉ နှစ်ရှိကာ ၂၀၂၁ နှစ်ကုန်တွင် အငြိမ်းစားယူရန် ပြင်ဆင်နေသည် (ပုံ 1)။ Myanmar Witness မှ မှတ်တမ်းတင်ထားသော ဆိုရှယ်မီဒီယာပို့စ်များထဲတွင် ပန်းရောင်လက်ချောင်းပေါ်တွင် ခရမ်းရောင်မှင်ဖြင့်တွေ့ရသော ဓာတ်ပုံတစ်ပုံသည် ၂၀၂၀ ရွေးကောက်ပွဲတွင် သူမမဲပေးခဲ့ကြောင်းပြသနေသည် (ပုံ 2)။ အခြေခံပညာ ကျောင်းဆရာမတစ်ဦးအနေဖြင့် သူမအားမဲရုံများတွင် ကူညီဆောင်ရွက်ပေးရန်နှင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင် မဲရေတွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ ဆက်လက်၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က ရွေးကောက်ပွဲကို မသမာမှုများ ပြုလုပ်ခဲ့သည်ဟုဆိုကာ အာဏာသိမ်းခဲ့သည်။ သမီးဖြစ်သူ၏အကောင့်ထဲတွင် ပြောပြချက်အရ ဒေါ်တင်နွဲ့ရီက ၎င်းသည်ဆရာသမားများနှင့် ၎င်းတို့၏ဂုဏ်သိက္ခာကို တိုက်ရိုက် စော်ကားခြင်းဟု ရှုမြင်ပြီး အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုတွင်ပါဝင်ရန် တက်ကြွစွာပါဝင်ခဲ့သည် (ပုံ ၄)။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ "နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများပါဝါ" အစီရင်ခံစာအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆန္ဒထုတ်ဖော်မှုတွင်လည်း ပါဝင်ခဲ့သည်။

ဆရာမဒေါ်တင်နွဲ့ရီ ပါဝင်ပတ်သက်သည်ဟု စွဲချက်အပေါ်တွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆရာ/ဆရာမများ ဆန္ဒထုတ်ဖော်မှုကိုဖိနှိပ်မှုတွင် တာဝန်ရှိသည်ဟု ဆိုရှယ်မီဒီယာများတွင် ဖော်ပြသည်။ အထူးသဖြင့် တပ်မ ၃၃ဟုထင်မြင်ရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒေါ်တင်နွဲ့ရီ အသတ်ခံရသည့်နေ့တွင် ဆန္ဒပြသည့်အဆိုပါနေရာ၌ ရှိနေသည်ကိုတွေ့မြင်ရသည်။ New York Times၊ Reuters နှင့် Aljazeera တို့သည် ထိုနေ့တွင် အနည်းဆုံးလူ 18 ဦးသေဆုံးခဲ့ပြီး ၎င်းသေဆုံးမှုများသည် အာဏာသိမ်းပြီးနောက်ပိုင်း သွေးထွက်သံယိုအဖြစ်ဆုံးနေ့ဟု ခေါ်ဆိုခဲ့သည်။

မကွယ်လွန်မီတစ်ရက်အလိုတွင် ဒေါ်အောင်ဆန်းစုကြည် ပြန်လာစေလိုသည့်ဆန္ဒဖြင့် ဒီမိုကရေစီ လိုလားသည့် ပါတီကိုထောက်ခံကြောင်း ပြသသည့်ပို့စ်တစ်ခုကိုမျှဝေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အပ်ဒိတ်လုပ်ထားသော သူမ၏ Facebook ပရိုဖိုင်ပုံသည် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုကို ထောက်ခံကြောင်းပြသသည် (ပုံ 3)။

လူမှုကွန်ရက်မီဒီယာ၏ ပြောဆိုချက်များအရ သူမသည်အထူးသဖြင့် သူမ၏ကျောင်းသားဟောင်း များအတွက် အပြုသဘောဆောင်သော အလင်းရောင်နှင့် လှုံ့ဆော်မှုတစ်ခုဖြစ်သည်။ သူမရဲ့ ဖေ့စ်ဘုတ်ခ်ပေါ် ရှိ ဗီဒီယိုလေးများတွင် ရောဝတီတိုင်းရဲ့ သူမရဲ့မွေးရပ်မြေကနောင်မှာ ကျောင်းသား ဟောင်းများ ပြန်လည်ဆုံစည်းပွဲနှစ်ခုမှာ နှစ်သစ်ကူးရိုးရာအကတွေနဲ့ ကပြဖျော်ဖြေနေတာကို မြင်တွေ့ရပါသည်။ ဆန္ဒပြပွဲအထိမ်းအမှတ်တွေတွင် သူမအတွက် လူအများအပြားက ဝမ်းနည်းကြေ ကွဲခဲ့ကြပြီး ထောင်နဲ့ချီတဲ့ဝမ်းနည်းကြောင်း သူမရဲ့လူမှုကွန်ရက်မှာပေးပို့ခဲ့ကြပါတယ်။ Myanmar Witness သည် ဤအကြောင်းအရာကိုသိမ်းဆည်းထားသော်လည်း သူမ၏မိသားစု၊ သူငယ်ချင်းများ နှင့် အပေါင်းအသင်းများ၏လုံခြုံရေးကို ထိန်းသိမ်းထားရန် ဆက်စပ်လင့်ခ်များကိုတီးဖြတ် ထားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး
၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်
( ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ ၂၂ ရက် )
**"ရုံးအမိန့်စာ"**

အမှတ် ။ ၁၁၅ ။ အခြေခံပညာဦးစီးဌာန၊နေပြည်တော်၏(၂၂-၁-၂၀၂၁)ရက်စွဲပါစာအမှတ်၊ဌာနခွဲ (၂-က)/ ၀၀၈၇၆/ဖွဲ့စည်းပုံသစ်ပြင်ဆင်/တိုးမြှင့်(၂၁)ဖြင့် ခွင့်ပြုချက်အရ **အောက်ဖော်ပြပါ ဖွဲ့စည်းပုံအဟောင်းရှိ** အလယ်တန်းပြ ဆရာ၊ ဆရာမ လစာနှုန်းကျပ်(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)များအား ဖွဲ့စည်းပုံအသစ်၏ ရာထူးအခေါ်အဝေါ် ဒုတိယအလယ်တန်းပြ လစာနှုန်းကျပ်(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)အဖြစ် (၂၂-၁-၂၀၂၁)ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအသစ်၏ အလယ်တန်းပြ လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဖြစ် (၂၂-၁-၂၀၂၁)ရက်နေ့မှစ၍ လက်ရှိကျောင်းတွင် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | ဖွဲ့စည်းပုံအဟောင်းရှိ အမည်/ရာထူး/ကျောင်း /မြို့နယ် | ဖွဲ့စည်းပုံအသစ်ရှိ ပြင်ဆင်သည့် အမည်/ ရာထူး/ကျောင်း /မြို့နယ် | ဖွဲ့စည်းပုံအသစ်ရှိ တိုးမြှင့်ခံစားမည့် အမည်/ ရာထူး/ကျောင်း /မြို့နယ် | မှတ်ချက် |
|---|---|---|---|---|
| | လစာနှုန်းကျပ်(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | လစာနှုန်းကျပ်(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | |
| | **ပညာရှင်အဆင့်(၂)** | **ပညာရှင်အဆင့်(၂)** | **ပညာရှင်အဆင့်(၃)** | |
| ၁ | ဒေါ်သန်းသန်း အလယ်တန်းပြ အထက(၂)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်သန်းသန်း ဒုတိယအလယ်တန်းပြ အထက(၂)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်သန်းသန်း အလယ်တန်းပြ အထက(၂)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | |
| ၂ | ဒေါ်တင်စာမော် အလယ်တန်းပြ ထ(၁၁)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်တင်စာမော် ဒုတိယအလယ်တန်းပြ ထ(၁၁)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်တင်စာမော် အလယ်တန်းပြ ထ(၁၁)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | |
| ၃ | ဒေါ်တင်နွဲ့ရီ အလယ်တန်းပြ ထ(ခွဲ)လ(၁၀)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်တင်နွဲ့ရီ ဒုတိယအလယ်တန်းပြ ထ(ခွဲ)လ(၁၀)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | ဒေါ်တင်နွဲ့ရီ အလယ်တန်းပြ ထ(ခွဲ)လ(၁၀)လှိုင်သာယာ(အနောက်) လှိုင်သာယာ(အနောက်)မြို့နယ် | |
| ၄ | ဒေါ်ကြည်တင် | ဒေါ်ကြည်တင် | ဒေါ်ကြည်တင် | |

ပုံ 1- ဒေါ်တင်နွဲ့ရီ၏အမည်နှင့် အလုပ်ရာထူးအပါအဝင် အလယ်တန်းပြဆရာများအတွက် လစာတိုးခြင်းဆိုင်ရာ ပညာရေးဝန်ကြီးဌာနမှ တရားဝင်ကြေငြာချက်။ သူမဟာအငြိမ်းစား ယူခါနီးမှာ

လစာတိုးလာတဲ့အတွက် ကံကောင်းတယ်လို့ခံစားမိကြောင်း သူမရဲ့ကိုယ်ပိုင် Facebook အကောင့်မှာ ကြေငြာချက်ကို မျှဝေထားပါသည်။



ပုံ 2- ဒေါ်တင်နွယ်ရီ၏ ပန်းရောင်လက်ချောင်းများပေါ်တွင် ခရမ်းရောင်မှင်ကို ပြသထားပြီး ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြောင်း ညွှန်ပြထားသည်။ ၎င်းသည် 2020 ရွေးကောက်ပွဲနေ့ကို ပြန်ပြောင်းပြောပြသော သမီးဖြစ်သူ၏ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားချက်ဖြစ်သည်။




ပုံ 3- ဒေါ်တင်နွယ်ရီသည် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုကို ထောက်ခံသည့်အနေဖြင့် ၎င်း၏ Facebook ပရိုဖိုင်ကို ဘောင်ဖြင့်ပြောင်းလဲ အပ်ဒိတ်လုပ်ခဲ့သည်။

**အမေကကျောင်းဆရာမလေ အဖြူအစိမ်းကိုပဲထင်သာအောင်ဝတ်ရမှာပေါ့တဲ့
အဖြူအစိမ်းနဲ့ဆိုသူတို့အာ့လောက်မလုပ်လောက်ပါဘူးဆိုပြီးထွက်သွားတာလေ
ခုတော့အမေပြောသလိုဖြစ်မလာပဲ သပိတ်စစ်ကြောင်းတောင်တန်းမစီရသေးပဲ ခွေးတစု
ဝင်ပစ်တာခံလိုက်ရတယ်တဲ့လား တကယ်ကိုကမ္ဘာမကြေပါဘူးနင်တို့ကို
အမေပြောတဲ့စကားတခွန်းရှိသေးတယ်
အမေတို့က ပိုတောင်ထွက်ရမယ် ဘာလို့ဆို မဲမသမာမှုဆိုပြီးခေါင်းစဉ်တပ်လိုက်တာအမေ
တို့ဆရာမတွေကို တိုက်ရိုက်စော်ကားလိုက်တာပဲတဲ့ အာ့အတွက်ကြောင့်ကိုထွက်တာတဲ့
အမေတို့ ဇဇခေတ်လိုင်ငါ့သမီးတွေခေတ်မှာမဖြစ်စေချင်ဘူးတဲ့ ဒီအာဏာရူးတွေကိုအမြစ်
ပြတ်တိုက်ရမယ်တဲ့**

ပုံ 4- ဒေါ်တင်နွဲ့ရီ၏သမီးဟုပြောဆိုကြသောသူသည် ဆန္ဒထုတ်ဖော်ရန်ထွက်ဖို့ မိခင်နှင့်သူမ သေဆုံးသည့်နေ့တွင် ပြောဆိုခဲ့သည့်စကားများကို ပြောပြထားသည်။

# ဒေါ်တင်နွဲ့ရီသေဆုံးခြင်းအား ခွဲခြမ်းစိတ်ဖြာခြင်း

## ဒေါ်တင်နွဲ့ရီ ကွယ်လွန်ခြင်းအကြောင်း ဇာတ်ကြောင်းများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ဆန္ဒပြပွဲတစ်ခုတွင် ကိုယ်ဝန်ဆောင်ဆရာမတစ်ဦးကို မြန်မာစစ်တပ်က ပစ်သတ်ခဲ့သည်ဟု ဆိုရှယ်မီဒီယာတွင်ပျံ့နှံ့ခဲ့သည်။ အဆိုပါပို့စ်တွင် ကြမ်းပြင်ပေါ်တွင် သတိလစ်နေသော ဒေါ်တင်နွယ်ရီ၏ဘေးတွင် အခြားဆရာမအချို့က ဝန်းရံထားသည့် ဓာတ်ပုံပါရှိသည်။ ထင်ရှားသော အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများဖြစ်သည့် မဝေဝေနုနှင့် မဇွဲမသတင်းဌာနတို့သည် ဤသတင်းကို ရေးသားဖော်ပြကြသူများထဲတွင် ပါဝင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အောက်ကြည့်မြင်တိုင် လမ်းမကြီးပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့တွင် ကျောင်းဆရာ/ဆရာမများဆန္ဒပြပွဲတွင် ယင်းအဖြစ်အပျက်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိပါသည်။ ထွက်ဆိုချက်များအရ ဆရာများသည် ဆန္ဒပြရန်အတွက် စတင်စုရုံးနေချိန်တွင် ရဲများကလူအုပ်ထဲသို့ မျက်ရည်ယိုဗုံးများနှင့် ရော်ဘာကျည်ဆန်များဖြင့် ပစ်ခတ်ကြသည်ဟုသိရသည်။ ဆိုရှယ်မီဒီယာတွင် သူမအားရော်ဘာကျည်ဆန်ဖြင့် ပစ်ခတ်ခြင်း ရှိ၊ မရှိ မရှင်းလင်းသော်လည်း New York Times၊ Reuters၊ Al Jazeera စသည့် မီဒီယာများက အခင်းဖြစ်ပွားစဉ်အတွင်း ရော်ဘာကျည်ဆန်များကို အသုံးပြုခဲ့ကြောင်းဖော်ပြခဲ့သည်။ ထိုအချိန် တွင် ဒေါ်တင်နွဲ့ရီကို ကိုယ်ဝန်သည်ဟုပြောဆိုနေကြပြီး သူမ၏ လက်တစ်ဖက်ကို သေနတ်ဖြင့်ပစ်ခတ်ခံပြီး နောက်ပိုင်းတွင် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြကြသည်။

ဆိုရှယ်မီဒီယာမှာတင်ထားတဲ့ ဗီဒီယိုတစ်ခုမှာတော့ အမျိုးသမီးတစ်ဦးဟာ ဒေါ်တင်နွဲ့ရီကို CPR လုပ်ဖို့ ကြိုးစားနေချိန်မှာ သူမဟာကြမ်းပြင်ပေါ်မှာ သတိလစ်နေတာကိုတွေ့ရှိခဲ့ရပါတယ်။ သေနတ်နဲ့ ပစ်သတ်ခံရတယ်လို့ လူအုပ်ထဲကတခြားအမျိုးသမီးက သူ့ဘယ်ဘက်လက်မောင်းနေရာကို လက်ညှိုးထိုးပြပြီး ပြောပြသံကိုကြားရပါတယ်။ နောက်တစ်ဦးကတော့ ဒဏ်ရာကို သွေးတိတ်အောင်ဖိထားဖို့ ကြိုးစားနေတာကိုတွေ့ခဲ့ရပါတယ်။ ၎င်းတို့၏ အဖြူရောင်နှင့် အစိမ်းရောင် ယူနီဖောင်းများအပါအဝင် အချက်များစွာအပေါ်အခြေခံ၍ "ဆရာ (T-Chal)" ကို အချင်းချင်း ရည်ညွှန်းကိုးကားအသုံးပြုခြင်းနှင့် ဆန္ဒပြမှုသည်ဆရာများ၏ဆန္ဒပြမှုဖြစ်ပြီး အဆိုပါ

အမျိုးသမီး သုံးဦးကိုလည်း ကျောင်းဆရာမတွေအဖြစ် သတ်မှတ်ခဲ့သည်။ CPR ကြိုးပမ်းမှု အောင်မြင်သွားပုံရပြီး လူအုပ်ကြီးက ဒေါ်တင်နွယ်ရည်အား လူနာတင်ယာဉ်သို့ပို့ဆောင်ရန် ပြင်ဆင်နေပုံရသည်။

ဆန္ဒပြသည့်နေ့တွင် ရောဝတီသတင်းဌာနမှ ကူးယူဖော်ပြသည့်ဗီဒီယိုဖိုင်တွင် ဆန္ဒပြပွဲတွင် အခြားကျောင်းဆရာတစ်ဦး၏ သက်သေထွက်ဆိုချက် ပါရှိသည်။ ၎င်းဗီဒီယိုထဲတွင် လိုင်သာယာမှ ဆရာမတစ်ဦးပစ်သတ်ခံရပြီး လူနာတင်ယာဉ်ပေါ်မှာ သေဆုံးကြောင်းပြောဆိုချက်သည် ဒေါ်တင်နွဲ့ရီကို ရည်ညွှန်းသည့်ပုံပေါ်သည်။ ပထမဗီဒီယိုတွင် သူမကိုလူနာတင်ယာဉ်ထဲ ထည့်ထားတော့မည်ဖြစ်သလို ဤထွက်ဆိုချက်ကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် လူနာတင် ယာဉ်ထဲတွင် သူမသေဆုံးသွားပုံပေါ်သည်။

AAPP ၏ အစီရင်ခံစာတွင် "သူမသည် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်" ဟုလည်း အတည်ပြုခဲ့သည်။ Myanmar Witness သည် ဒေါ်တင်နွဲ့ရီ ကွယ်လွန်ချိန်တွင် လူနာတင်ယာဉ်၏ တည်နေရာအတိအကျကို အတည်မပြုနိုင်သေးသော်လည်း ဗွီဒီယိုဓာတ်ပုံဖြင့် နှိုင်းယှဉ်ခွဲခြမ်း စိတ်ဖြာကာ အခင်းဖြစ်ပွားပုံကို ပြန်လည်တည်ဆောက်ခဲ့သည်။

## နေရာသတ်မှတ်အတည်ပြုခြင်း (Geolocation)

UGC မှ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ဆန္ဒပြမှုမြင်ကွင်းများကိုပြသထားတယ်။ လူမှုကွန်ရက်တွင်တင်ထားသည့် ဓာတ်ပုံများသည် ဘားဂယာလမ်းဆုံမှ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ဦးတည်လမ်းလျှောက်နေသည့် ဆန္ဒပြသူများပုံပေါ်သည် (ပုံ ၅)။ ပုံ၏တည်နေရာ ကို ကိုသြဒိနိတ် 16.803987, 96.125946 တွင်တွေ့ရသည်။




ပုံ 5- ပဲခူးလမ်းဆုံမှ တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

Irrawaddy News ဗီဒီယိုမှ လျှပ်တစ်ပြက်ဓါတ်ပုံတစ်ပုံဖြင့် Myanmar Witness သည် ဆန္ဒပြသည့်နေရာကို တည်နေရာရှာဖွေနိုင်ခဲ့သည်။ ဗီဒီယိုဖိုင်ပါတည်နေရာကို ကိုသြဒိနိတ် 16.799962, 96.126086 အဖြစ် အတည်ပြုနိုင်သည်။ ဗီဒီယိုတွင်မြင်ရသောမျှော်စင်သည် ဂြိုလ်တုပုံရိပ်များနှင့် တည်နေရာ၏ Google Maps ဓာတ်ပုံများ (ပုံ 6) နှင့် ကိုက်ညီပါသည်။



ပုံ 6- ဆန္ဒပြတည်နေရာတွင်မြင်ရသောမျှော်စင်သည် Google Earth ပုံတွင်မြင်ရသည့် မျှော်စင်နှင့်ကိုက်ညီသည်။

ဆိုရှယ်မီဒီယာတွင် တင်ထားသောပုံများသည် "စစ်တပ်အာဏာသိမ်းမှုကို လက်မခံဘူး" ဟု အောက်ကြည့်မြင်တိုင်လမ်းတွင် ရေးထားသည့်ဆိုင်းဘုတ်များအနီးတွင် ဆန္ဒပြသူများကို တွေ့ရသည် (ပုံ ၇)။ ပညာရေးမှူးရုံးဧရိယာမှ ထွက်ခွာသွားသော ဆရာများကို ဖမ်းမိပုံရသည်။ ဆိုရှယ်မီဒီယာနှင့်အတူ ကိုးကားသည့် UGC တွင် တူညီသောဧရိယာတစ်ဝိုက်ရှိ မီးခိုးများကိုပြသပြီး ကိုဩဒိနိတ် 16.798993၊ 96.126112 အနီးတွင် ပြသသည် ပုံ (၈)။




ပုံ 7: ဆန္ဒပြသူများကို ကိုဩဒိနိတ် 16.798993,96.126112 တွင်တည်ရှိပြီး လမ်းမပေါ်တွင် "စစ်တပ်အာဏာသိမ်းတာကို ငါတို့လက်မခံနိုင်ဘူး" လို့ရေးထားသည်။

Microsoft Office User




ပုံ 8- ပုံ 7 တွင်ပြထားသော အလားတူဧရိယာရှိ မီးခိုးများ၏နေရာကို အတည်ပြုခြင်း။ ဓာတ်ပုံသည် 16.798993၊ 96.126112 တွင် တည်ရှိသည်။

ဓာတ်ပုံများတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ထိတွေ့ဆက်ဆံနေသည့်ပုံကို တွေ့ရပြီး (ပုံ (၉)ရှိ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးနား ဆရာ့များဆန္ဒပြသည့်နေရာနှင့် နီးစပ်မှုရှိသည်။ ရဲများသည် ၎င်းတို့၏ယူနီဖောင်းများကြောင့် တပ်မ ၃ တွင် ပါဝင်သည်ဟု ထင်မြင်ယူဆရသောရဲများသည် လမ်းမပေါ်ထွက်နေသော ယူနီဖောင်းဝတ်ဆရာများအား ဆန္ဒပြလူစုခွဲရန် ကြိုးပမ်းနေပုံကို တွေ့မြင်နိုင်သည် (ပုံ ၁၀)။ ဓာတ်ပုံများ၏တည်နေရာကို ကိုသြဒိနိတ် 16.799967၊ 96.126090 သတ်မှတ်ထားသည်။




ပုံ 9- အခြားလူမှုမီဒီယာပုံများနှင့် Google Maps ပုံရိပ်များကိုအသုံးပြု၍ ဤအခင်းဖြစ်ပွားသည့် နေရာကို ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးရှေ့တွင် ဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရပါသည်။



ပုံ 10- UGC သည် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးရှေ့တွင် ကျောင်းဆရာများ ဆန္ဒပြပွဲနှင့် အနီးအနားတွင် တပ်မ ၃ ၏ ယူနီဖောင်းပေါ်တွင်ရှိသော နံပါတ် '3' ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် UGC မှရမိခဲ့ပါသည်။


ထိုနေ့တွင်ပင် ဒေါ်တင်နွဲ့ရီမြေပြင်ပေါ်တွင် သတိလစ်နေပြီး လဲလျောင်းနေသည့်ပုံကို ဆိုရှယ်မီဒီယာပေါ်တွင်ပျံ့နှံ့ခဲ့သည်။ ထူးခြားသည်မှာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးအပြင်ဘက်ရှိ ကြမ်းခင်းကြွေပြားများနှင့် ကွဲလွဲနေပုံရသည်။ CPR ခံယူနေသည့် ဒေါ်တင်နွဲ့ရီ၏ဆိုရှယ်မီဒီယာပေါ်တွင်ဖော်ပြထားသည့် ဗီဒီယိုကိုကူးယူကိုးကားကာ Myanmar Witness သည် ပြတင်းပေါက်များနှင့် အဆောက်အအုံနှင့် နောက်ခံတွင်စိုက်ခင်းများ(ပုံ ၁၁) ကို တွေ့ရှိခဲ့သည်။ ယင်းကြောင့် ဗီဒီယိုဖိုင်၏တည်နေရာကို 16.799512၊ 96.125777 ဖော်ထုတ်နိုင်ခဲ့သည်။



ပုံ 11- ဒေါ်တင်နွဲ့ရီ အပစ်ခံရပြီးနောက် ခေါ်ဆောင်သွားသည့်နေရာကို Google နှင့် ဆိုရှယ်မီဒီယာပုံများကို အသုံးပြု၍ နေရာအတည်ပြုထားသည်။



ပုံ 12- ဤပုံသုံးပုံတွင် အရိပ်များ၏ အနေအထားများသည် အရှေ့မှ အနောက်သို့ ကျဆင်း နေကြောင်းပြသသည်။




ပုံ 13- အရိပ်ခွဲခြမ်းစိတ်ဖြာမှု SunCalc ကို အသုံးပြု၍ အချိန်သတ်မှတ်ခြင်းပြုလုပ်ရာ 08:30 ဝန်းကျင်တွင် ရိုက်ယူထားသောပုံဟု တွေ့ရသည်။

# ကိုယ်ဝန်စွပ်စွဲချက်များ

သူမသေဆုံးမှုသတင်းဟာ လူမှုကွန်ရက်မှာ ရဲတွေရဲ့ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ ကိုယ်ဝန်ရှိနေသော အလယ်တန်းကျောင်းဆရာမတစ်ဦးဟု ကျယ်ကျယ်ပြန့်ပြန့် ပြန့်နှံ့နေပါသည်။ မဇ္ဈိမသတင်းကဲ့သို့သော ပြည်တွင်းမီဒီယာများပင်လျှင် ဖော်ပြခဲ့တဲ့အတွက် ဤဇာတ်ကြောင်းသည် လွှမ်းမိုးလာခဲ့သည်။ ၎င်းဟာအမှန်ဖြစ်သည်ဟုပြောဆိုထားသည့် ဓာတ်ပုံများနှင့်ဗီဒီယိုများကို အသုံးပြု၍ ပြောပြရန်ခက်ခဲသော်လည်း ၎င်းမှာ ကိုယ်ဝန်ရှိနေကြောင်း ငြင်းဆိုထားသည့် အကောင့်အချို့ရှိခဲ့ပြီး မဇ္ဈိမသတင်းဌာနသို့ ပြန်လည်ဖြေကြားခဲ့သည် (ပုံ ၁၄)။ နောက်ပိုင်းတွင် ၎င်း၏သမီးဟုဆိုသူတစ်ဦးက ၎င်း၏မိခင်ဒေါ်တင်နွဲ့ရီသည် သေဆုံးသွားပြီး သူမသေဆုံးချိန်တွင် ကိုယ်ဝန်မရှိဟု ဖေ့စ်ဘွတ်ခ်တွင် ငြင်းဆိုခဲ့သည်။ (ပုံ ၁၄)။




ပုံ 14 - ကိုယ်ဝန်ရှိနေခြင်းမဟုတ်ကြောင်း မဇ္ဈိမသတင်း ဌာနသို့ ဖြေကြားသည့် လူမှုမီဒီယာအကောင့်များ။

> ဟုတ်ကဲ့ ဆုံးသွားတာ ညီမ့်အမေပါ
> ကိုယ်ဝန်ရှိတာလဲမဟုတ်ပါဘူးရှင်
> မေမေက ဝနေတာပါ
> ကျေးဇူးပြုပြီးသတင်းအမှားတွေမတင်ကြပါနဲ့ရှင်
> တောင်းပန်ပါတယ်
> မေမေက လက်မောင်းကိုကျည်ထိတါဆိုပေမယ့်လူကနှလုံးရောဂါအခံနဲ့မို့လို့ခုလိုဖြစ်သွားတာပါ သတင်းအမှားတွေမတင်ကြပါနဲ့ရှင်

ပုံ 15- ဒေါ်တင်နွဲ့ရီ၏သမီးဆိုသူတစ်ဦးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ဒေသစံတော်ချိန် ၁၂:၁၆ တွင် Facebook တွင် ကိုယ်ဝန်ရှိခြင်း စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။


Centre for Information Resilience

Myanmar Witness

**နာရေး**

ဒေါ်တင်နွဲ့ရီ၏ စျာပနဖိတ်ကြားချက် (ပုံ ၁၆) အရ ၂၀၂၁ ခုနှစ် မတ်လ ၂ ရက်နေ့ ၁၀၀၀ နာရီတွင် ရန်ကုန်မြို့ ထိန်ပင်မီးသဂြိုလ်စက် (ကိုဩဒိနိတ် 16.889646, 96.024962) တွင် မီးသဂြိုလ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ၀၈၃၅ အချိန်တွင် ကွယ်လွန်ခဲ့ကြောင်း ကြေငြာချက် တွင် ဖော်ပြထားချက်အရ သူမသည် ခင်ပွန်း၊ ကလေးနှစ်ဦးနှင့် မြေးနှစ်ဦး ကျန်ရစ် ခဲ့သည်။ အများအပြားက သူမအတွက် ဝမ်းနည်းပူဆွေးခဲ့ကြကာ အချို့သောလူငယ်များသည် သူမသေဆုံးရခြင်းမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့်ဟု ဖော်ပြသောပိုစတာကို စျာပနတွင် ကိုင်ဆောင်ထားကြပြီး အာဇာနည်တစ်ဦးအဖြစ် ချီးကျူးဂုဏ်ပြုသည်ကို မြင်တွေ့ခဲ့ရသည်။

ဒေါ်တင်နွဲ့ရီ၏ စျာပန ကြေငြာချက်တွင် အမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်များစွာကို Myanmar Witness က အတည်ပြုခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ်ရှိပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ၀၈၃၅ အချိန်တွင် ကွယ်လွန်ခဲ့ကြောင်းနှင့် ၎င်း၏စျာပနအခမ်းအနားကျင်းပမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် မတ်လ ၂ ရက်နေ့ 0800 အချိန်တွင် လှိုင်သာယာနေအိမ်မှထွက်ခွာပြီး စျာပနအခမ်းအနားကို ကျင်းပခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၆ရက်နေ့တွင် စျာပနအတွက် လှူဒါန်းရန်စီစဉ်ထားပါသည်။


အသုဘရှုရက်လည်ဆွမ်းသွတ်တရားတော်နာဖိတ်ကြားလွှာ

[redacted]

ကွယ်လွန်သူ ဒေါ်တင်နွဲ့ရီ (အသက် ၅၉ နှစ်) သည်

၁၃၈၂ခုနှစ်၊ တပို့တွဲလဆုတ်(၂)ရက်၊ (၂၈-၂-၂၀၂၁)တနင်္ဂနွေနေ့ နံနက်( ၈း၃၅ )နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားရာ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်ကို (၂-၃-၂၀၂၁) အင်္ဂါနေ့ နေ့လည်( ၁၀ )နာရီအချိန်တွင် ထိန်ပင်သုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသဂြိုလ်မည်ဖြစ်ပါ၍ ကွယ်လွန်သူအား ရည်စူးကာ ဘုရားအမှူးရှိသောပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါနဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် ၁၃၈၂ခုနှစ်၊ တပို့တွဲလဆုတ်(၈)ရက်၊ (၆.၃.၂၀၂၁)စနေနေ့တွင် [redacted] လှိုင်သာယာနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ နေ့လယ်( ၈ )နာရီအချိန်တွင် ထွက်မည်။

ကျန်ရစ်သူမိသားစု

"ထက်" ကွန်ပျူတာ၊ မိတ္တူ၊ ဖိတ်စာအမျိုးမျိုးနှင့်ယပ်တောင်လုပ်ငန်း၊ ကျွန်စစ်သားလမ်း၊ ကမ္ဘာ့ဗေမှတ်တိုင်အနီး၊ လှိုင်သာယာမြို့။

ပုံ 16- ဆိုရှယ်မီဒီယာပေါ်တွင် မျှဝေထားသောဓာတ်ပုံသည် ဒေါ်တင်နွဲ့ရီ၏ စျာပနကြေငြာချက်ဟု ယူဆရသည်။ အဆိုပါစာရွက်တွင် ဒေါ်တင်နွဲ့ရီ (အသက် ၅၉ နှစ်) သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ၀၈၃၅ တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏စျာပနကို ၁၀၀၀၊ မတ်လ ၂ ရက် (အင်္ဂါနေ့) တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ရန်စီစဉ်ထားကြောင်း အဆိုပါစာရွက်တွင် ဖော်ပြထားသည်။ စျာပနလှူဒါန်းမှု အသေးစိတ်အချက်အလက်များနှင့် စျာပနသည် လှိုင်သာယာနေအိမ်မှ ထွက်ခွာမည့် အချိန်တို့ပါဝင်သည်။




ပုံ 17- တော်လှန်ရေးအတွက် ထမ်းဆောင်မှုနှင့် ရဲစွမ်းသတ္တိအတွက် ဒေါ်တင်နွဲ့ရီကို ချီးကျူးဂုဏ်ပြုသည့် ပိုစတာကိုင်ဆောင်ထားသည့် လူငယ်များ။ ကိုဩဒိနိတ် 16.889533၊ 96.024953




ပုံ 18- ဒေါ်တင်နွဲ့ရီ၏ စျာပနအခမ်းအနားကိုဖော်ပြနေသည့် ဆိုရှယ်မီဒီယာပုံများ။ သူမ၏ စျာပန နေရာတွင်တွေ့ခဲ့ရသည့် တူညီသောပိုစတာကို ကျွန်ုပ်တို့တွေ့နိုင်သည်။


ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့ (ပုံ ၁၉) သူမသေဆုံးမှု အခင်းဖြစ်ပွားသည့် နေရာရှေ့၌လည်း အောက်မေ့ဖွယ်အခမ်းအနားကို ကျင်းပခဲ့သည်။ Myanmar Witness မှ အထိမ်းအမှတ်ပွဲမှ မြင်ကွင်းများအားအသုံးပြု၍ အခင်းဖြစ်ပွားရာနေရာ၏တည်နေရာကို ထပ်မံအတည်ပြုသည်။ အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာမများ၏ ရုပ်ပုံများကို နောက်ခံအဆောက်အအုံများသည် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ဆန့်ကျင်ဘက်ဖြစ်သော Google Maps တွင် ဤဧရိယာတွင်ဖော်ပြထားသည့်အရာများနှင့် ကိုက်ညီပါသည်။



ပုံ 19 - ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့တွင် ဒေါ်တင်နွဲ့ရီအား အထိမ်းအမှတ်ဆန္ဒပြပွဲ။



ပုံ 20 - ဒေါ်တင်နွဲ့ရီ ကွယ်လွန်ခြင်း အထိမ်းအမှတ်အဖြစ် ဆန္ဒပြသူများသည် ဖိနပ်များနှင့်ပန်းများ ကို အသုံးပြုခဲ့ကြသည်။ ဒါဟာ သူမရဲ့ ခံနိုင်ရည်ရှိတဲ့ သွေးစွန်းနေတဲ့ ကျောင်းဆရာမဖိနပ်တစ်ရံကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။




ပုံ 21- အထိမ်းအမှတ်ပွဲရှိ ဆရာများ၏ နောက်ကွယ်ရှိ အဆောက်အအုံများသည် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ဆန့်ကျင်ဘက်အဆောက်အအုံများ၏ Google map ပုံများနှင့်ကိုက်ညီပါသည်။

Centre for Information Resilience

Myanmar Witness

## နိဂုန်းချုပ်

Myanmar Witness သည် ကျောင်းဆရာမဒေါ်တင်နွဲ့ရီ သေဆုံးမှုနှင့်ပတ်သက်ပြီး လက်မောင်းပစ်ခတ်ခံရပြီး သေဆုံးရသည့်အခြေအနေများအပါအဝင် အခြေအနေအများအပြားကို စစ်ဆေးခဲ့သည်။ ဒါပေမယ့် သူမရဲ့ ကိုယ်ဝန်ရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို အွန်လိုင်းနဲ့ သူမရဲ့သမီးလို့ပြောထားတဲ့ Facebook အကောင့်က ငြင်းဆိုခဲ့ပါတယ်။ အကြမ်းမဖက်သော ဆန္ဒပြသူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီအာဏာသိမ်းပြီးကတည်းက ဖိနှိပ်ချုပ်ချယ်ခံရသည့် ဆန္ဒပြခွင့်ကို ဆက်လက်တင်ပြနေပါသည်။ ဒေါ်တင်နွဲ့ရီကို ပစ်သတ်ခဲ့သူတွေဟာ မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်တွေလို့ အတည်မပြုနိုင်သေးပေမယ့် အထူးသဖြင့်ဒေါ်တင်နွဲ့ရီ အပစ်ခံရချိန်ဝန်းကျင်မှာ မြန်မာလုံခြုံရေးတပ်ဖွဲ့တွေက အဲဒီနေရာမှာ ရှိနေတယ်လို့ ကျနော်တို့သုံးသပ်ချက်တွေက ထောက်ခံပါတယ်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားသည့် Myanmar Witness ၏ မှတ်တမ်းတစ်ခုဖြစ်ပြီး လွတ်လပ်စွာစုရုံးခွင့်နှင့် ပေါင်းစီးခွင့်ကိုကျင့်သုံးသည့် အရပ်သားများအပေါ် အကြမ်းဖက်မှုကိုသရုပ်ပြထားသည်။